## သတ္တမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ
## မေလ(၁၉)ရက်၊ ဘားအံမြို့

၁။ သတ္တမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို "Supporting Needs For ASEAN Economic Community (AEC)" ခေါင်းစဉ်ဖြင့် ဘားအံမြို့၊ ဖွဲ့ကပင်ခန်းမ၌ ၂၀၁၃ခုနှစ်၊ မေလ(၁၉)ရက်နေ့ကကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် Parami Energy Group of Companies က အဓိကကူညီပံ့ပိုးပြီး၊ PT & MM Event Ads Co., Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်မင်း မှ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ

(၁) **"AEC Blueprint"** အကြောင်းသိကောင်းစရာ
(ဒေါ်တင်တင်ထွေး၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၂) **SME Financing**
(ဦးစံသိန်း၊ အကြီးတန်းအကြံပေး၊ အသေးစားနှင့်အလတ်စား လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် SMIDB)

(၃) **Importance of SMEs and experience in ASEAN countries**
(ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၄) **Int'l Land Transport Linkages & Related Regional Agreements**
(ဦးအောင်မြင့်၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၅) **ယနေ့အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ဆွေးနွေးတင်ပြခြင်း**
(ဒေါက်တာဒေါ်ခင်အုန်းသန့်၊ အကြီးတန်း-အကြံပေး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(၆) **Moderator**
(ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

| | | | | | |
|---|---|---|---|---|---|
| ကျင်းပသည့်နေ့ရက် | ။ ။ | ၂၀၁၃ခုနှစ်၊ မေလ (၁၉)ရက် | | | |
| ကျင်းပသည့်နေရာ | ။ ။ | ဖွဲ့ကပင်ခန်းမ၊ ဘားအံမြို့ | | | |
| တက်ရောက်သူများ | ။ ။ | လွှတ်တော်ကိုယ်စားလှယ် | - | ၂၀ | ဦး |
| | | ဌာနဆိုင်ရာဝန်ထမ်း | - | ၂၂၈ | ဦး |
| | | ကုမ္ပဏီဝန်ထမ်း | - | ၃၅ | ဦး |
| | | မီဒီယာ | - | ၁၇ | ဦး |
| | | စုစုပေါင်း | - | ၃၀၀ | ဦး |

ကြားဖြတ်အစီအစဉ်အနေဖြင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက တင်ပြဆွေးနွေးရာတွင် ASEAN တွင် မဏ္ဍိုင်ကြီး (၃)ရပ်ရှိကြောင်း။ ယင်းတို့မှာ -

(၁) အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)
(၂) အာဆီယံလုံခြုံရေးအသိုက်အဝန်း (ASC) နှင့်
(၃) အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း (ASCC) တို့ဖြစ်ကြောင်း

မဏ္ဍိုင်(၃)ခုစလုံး ဘက်ညီဖွံ့ဖြိုးလာမှသာ၊ ပေါင်းစည်းရေး၏ အနှစ်သာရများကို အပြည့်အဝခံစားကြရမည်ဖြစ်ကြောင်း။ AEC ရောက်လာမည်ကိုတွေး၍ ကြောက်နေစရာမလိုကြောင်း၊ ဟောပြောပို့ချသော ဆရာ/ဆရာမများ ပြောကြားသွားသကဲ့သို့ စိန်ခေါ်မှုများကိုကြိုတင်ပြင်ဆင်မှုဖြင့် ရဲရဲပုံ့ပုံ့အနိုင်ယူ ရင်ဆိုင်ပြီး၊ ပေါ်ပေါက်လာမည့်အခွင့်အရေး အားလုံးကို ပိုင်ပိုင်နိုင်နိုင်ချုပ်ကိုင်မိရန်လိုအပ်ကြောင်း၊ ဤသို့အောင်ပွဲရရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းများရော၊ ပုဂ္ဂလိက လုပ်ငန်းရှင်များပါ ပူးပေါင်း ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသွားပါသည်။

**၃။** အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား အုပ်စု(၃)ခုခွဲ၍ အုပ်စုတစ်ခုချင်းစီ၏ ဆွေးနွေးချက်များမှ အဓိကအချက်များကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည်။ ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ပုဂ္ဂလိကအပိုင်းမှ လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ နိုင်ငံတော်အပိုင်းမှလုပ်ဆောင်ပေးရမည့်ကိစ္စရပ်များ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ စသည်ဖြင့် အပိုင်း(၃)ပိုင်း ခွဲခြားတင်ပြထားပါသည်။

## AEC ဗဟုသုတ (Knowledge)

**ပုဂ္ဂလိကအပိုင်း**

*ကောင်းကျိုးများအနေဖြင့် -*

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာမည်ဖြစ်သည်။
- အရည်အသွေးကောင်းမွန်သော စီချိန်စံညွှန်းမှီပစ္စည်းများ သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။
- နည်းပညာအချက်အလက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။

*ဆိုးကျိုးများအနေဖြင့် -*

- လုပ်ငန်းကြီးများဝင်ရောက်လာမည်ဖြစ်သဖြင့် လုပ်ငန်းငယ်များ ဆက်လက်ရပ်တည်နိုင်ရန်အတွက် ဒေသအတွင်းရှိ လုပ်ငန်းငယ်များစုပေါင်းညှိနှိုင်းဆောင်ရွက်သင့်သည်။
- ဒေသတွင်းကုမ္ပဏီများ၌ ကျွမ်းကျင်လုပ်သားဦးရေ လျော့ကျလာနိုင်ပြီး ပိုင်ဆိုင်မှုများဆုံးရှုံးသွားနိုင်ပါသည်။

**နိုင်ငံတော်အပိုင်း**

- AEC အသိပညာဆိုင်ရာနှင့် ဗဟုသုတများကို အောက်ခြေကအစ သိရှိရန်လိုသည့်အတွက် ကျောင်းသင်ခန်းစာတွင် ထည့်သွင်းရန်နှင့် ရပ်ကွက်/ကျေးရွာ အဆင့်၌ပါ ဖြန့်ဝေပေးရန်။
- လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးထားရန်နှင့် အစိုးရမှလိုအပ်သည့်ဥပဒေများ ရေးဆွဲပြဌာန်းပေးရန်။
- အစိုးရဦးစီးမှုဖြင့် အများပိုင်ကုမ္ပဏီများတည်ထောင်ရန်။
- ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သင့်သည့်အပိုင်း**

- မိမိတို့ဘက်မှလည်း AEC ပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေရန် ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို အကောင်းမွန်ဆုံးအခြေအနေသို့ရောက်ရှိရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။
- နိုင်ငံခြားကျွမ်းကျင်လုပ်သားများနှင့် ယှဉ်နိုင်ရန် လိုအပ်သည့်ပြည်တွင်းပြည်ပသင်တန်းများ စီစဉ်ပေးရန်။
- Public-Private-Partnership လုပ်ငန်းများ ထားရှိရန်။
- မိမိအတွက် ကုန်ပစ္စည်းများအရည်အသွေးပြည့်မီစွာဖြင့် ဈေးကွက်ဝင်နိုင်ရန် QC များထားရှိဆောင်ရွက်ရန်။
- နိုင်ငံတကာအတွေ့အကြုံများလေ့လာရန်။

## SME ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း (Financing)

**ပုဂ္ဂလိကအပိုင်း**

- SMEs ကွန်ယက်(Network) ရှိသင့်သည်။

**နိုင်ငံတော်အပိုင်း**

- SME များအတွက် သတ်မှတ်ထားသည့် ချေးငွေအတိုးနှုန်းထားကို အာဆီယံစံနှုန်းနှင့်အညီ ဖြေလျော့ပေးရန်။
- Working Group (ချေးငွေ စီစစ်၊ အကဲဖြတ်၊ အာဆီယံအဖွဲ့နှင့် နယ်မြေဆိုင်ရာအုပ်ချုပ်ရေး) ကွင်းဆင်းစစ်ဆေးရန်။
- အခွန်နှုန်းထားများ ထပ်မံလျှော့ချရန်။
- နယ်စပ်ဂိတ်ပေါက်များမှ အတားအဆီးများအား ဖယ်ရှားပေးရန်။
- အောင်မြင်သော SME များအား ဂုဏ်ပြုချီးမြှင့်ရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း**

- နည်းပညာဈေးကွက်ကို မူတည်ပြီးစဉ်စားရန်။
- ချေးငွေကို အမှန်တကယ်အသုံးချမှု ရှိ/မရှိ အကဲဖြတ်အဖွဲ့ဖြင့် စောင့်ကြည့်ရန်။
- SMEs အကြောင်းကို အများပိုမိုသိရှိရန် သတင်းမီဒီယာများမှတဆင့် အချိန်နှင့်တပြေးညီ စဉ်ဆက်မပြတ် အသိပညာ ဖြန့်ဖြူးရန်။

## AEC နိုင်ငံအချင်းချင်းဆက်သွယ်ရေး (Connectivity)

**ပုဂ္ဂလိကလုပ်ငန်းအပိုင်း**

- အာဆီယံနိုင်ငံများအတွင်း ကူးလူးဆက်ဆံနိုင်ခြင်းဖြင့် ပို့ကုန်/သွင်းကုန်များ အချိန်၊ စရိတ်၊ ပျက်စီးဆုံးရှုံးမှု သက်သာစွာဖြင့် ကုန်သွယ်နိုင်ခြင်းစသည့် ကောင်းကျိုးရနိုင်ခြင်း။

**နိုင်ငံတော်အပိုင်း**

- အာဆီယံလမ်းမများအား အာဆီယံအဆင့်သတ်မှတ်နိုင်ရေးအတွက် ရေတိုရေရှည်စီမံဆောင်ရွက်ရန်။
- အစိုးရအနေဖြင့် လိုအပ်သည့်အတတ်ပညာရှင်များ နိုင်ငံတကာနှင့်အညီ မွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးရန်နှင့် လိုအပ်သောအရင်းအနှီး (ထောက်ပံ့/ချေးငွေ)ရရှိအောင်ဆောင်ရွက်ပေးရန်။
- အရည်အသွေးမမီသောပစ္စည်းများဝင်ရောက်မှုကို နေ့ညမပြတ်စစ်ဆေးခြင်းဖြင့် ဟန့်တားနိုင်ရန်။
- မော်လမြိုင်မြို့၌ ရေနက်ဆိပ်ကမ်း (Deep Sea Port) တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာနည်းပညာနှင့် ပြည်တွင်းသက်ဆိုင်ရာဌာနများပူးပေါင်း လေ့လာ၊ စူးစမ်း၊ တိုင်းထွာ၊ တွက်ချက်ခြင်းများဆောင်ရွက်ရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း**

- တာဝန်ရှိသူများမှ ယာဉ်စည်းကမ်းလိုက်နာနိုင်ရန် လိုအပ်သည့်အင်္ဂါရပ်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရန်နှင့် အသုံးပြုသူများဘက်မှလည်း ယာဉ်စည်းကမ်းကို တိကျစွာလိုက်နာရန်။
- ပြည်တွင်းကုန်ပစ္စည်းများအရည်အသွေးမမီပါက အခြားနိုင်ငံများမှ ကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးသွားနိုင်ခြင်းအန္တရာယ်မှ ပူးပေါင်းကာကွယ်ရန်။
- ပြည်ပနှင့်တန်းတူယှဉ်ပြိုင်နိုင်ရေးအတွက် အရည်အချင်းပြည့်မီသော အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ လိုအပ်သော အရင်းအနှီးများလုံလောက်မှုရှိစေရန်။

၄။ အချုပ်အားဖြင့် AEC ၏အရေးပါမှုကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများအားလုံးက တညီတညွတ်တည်း သဘောပေါက်လက်ခံကြပြီး၊ SME လုပ်ငန်းများအောင်မြင်စေရန်အတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိကဒွန်တွဲပြီး များစွာကြိုးစား ဆောင်ရွက်ကြရန်လိုသေးကြောင်းကို ထုတ်ဖော်ဆွေးနွေးခဲ့ကြပါသည်။